CHERRY FOUNDATION
MPs Support Center
WEEKLY Ethnic News Collection

# နေ့စဉ်တိုင်းရင်းသားသတင်းများစုဆောင်းတင်ပြခြင်း

(No. 87 , January 8, 2021)

၁။ သမ္မတ နှင့် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ တို့ကို အမှုကြားနာရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဆင့်ခေါ်

၂။ လွိုင်လင်လေးမြို့ရှိ မြေယာအငြင်းပွားမှု တရားနည်းလမ်းအရ နှစ်ဖက်လုံးတရားစွဲဆိုခံရနိုင်

၃။ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်မှာ လက်နက်ကိုင်အားလုံးပါဝင်ဖို့ ကယန်းပြည်သစ်ပါတီတောင်းဆို

၄။ ပြည်နယ်အစိုးရအဖွဲ့သစ်တွင် ပညာရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းမည်

၅။ ၂၁ရာစုပင်လုံညီလာခံလွှန်မြောက်လျှင် တိုင်းရင်းသားတို့၏ လွတ်လပ်မှုများရရှိရန် မျှော်လင့်ကြောင်း ကရင်စည်ပင်ဝန်ကြီးပြော

၆။ စောဘဦးကြီး ရုပ်ထု ဖြုတ်ချစေခြင်းအပေါ် ကရင်လူ့အခွင့်အရေးအဖွဲ့ ရှုတ်ချ

၇။ ကိုဗစ်–၁၉ ကြောင့် (၇၃) နှစ်မြောက် ချင်းအမျိုးသားနေ့ ကျင်းပရန် မသေချာသေး

၈။ ဝေဖန်မှုများသည့် သန်း (၆၀) ကျော်တန် လွတ်လပ်ရေးကျောက်တိုင် ဟားခါးမှာ ဖွင့်လှစ်

၉။ တီးတိန်မြို့နယ်တွင် မဲမသမာမှုပြုနိုင်သော မဲစာရင်းပေါင်း ၈၀၀၀ ကျော်ရှိဟု တပ်မတော်ထုတ်ပြန်

၁၀။ ချင်းပြည်နယ်အစိုးရအဖွဲ့၏ တီးတိန်မြို့နယ်အတွင်း ကိုဗစ်ရောဂါကိုင်တွယ်ဆောင်ရွက်ပေးမှု အားရကျေနပ်စရာမရှိဟုဆို

၁၁။ အရပ်ဘက်မဲဆန္ဒရှင်တွင် မဲမသမာမှုမရှိခဲ့ဟု ချင်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်ပြော

၁၂။ တတိယအကြိမ်လွှတ်တော်ကို လွှဲပြောင်းပေးဖို့ မွန်ပြည်နယ်လွှတ်တော် အဆင်သင့်ဖြစ်

၁၃။ ရွေးကောက်ပွဲမဲဆွယ်ကာလ ဖြစ်ပျက်သည့်ကိစ္စရပ်များ ယနေ့ထိ ရှင်းလင်းနေရ PNO ပြော

၁၄။ ကျိုင်းတုံ စက်မှုဇုန် ပြုလုပ်ရန် သိမ်းဆည်းခံ မြေကိစ္စ ညှိနှိုင်းမှုအဆင်မပြေ

၁၅။ RCSS/SSA နှင့် TNLA တိုက်ပွဲကြောင့် အရပ်သား (၃၇၀၀)ကျော် ထွက်ပြေးနေရ

၁၆။ အစိုးရနှင့်တွေ့ရန် အပစ်ရပ် အဖွဲ့များ အဆင်သင့်မဖြစ်သေး

၁၇။ အစိုးရသစ်တွင် ဖိတ်ခေါ်ပါက ပါဝင်မည်ဟု ကချင်ပါတီဥက္ကဋ္ဌ ဒေါက်တာ မနမ်တူးဂျာပြော

၁၈။ ရခိုင်တွင် အကြမ်းဖက်မှုဖြင့် တရားစွဲခံရသူ ၃၆၀ ကျော်ရှိ

၁၉။ တိုက်ပွဲများရပ်တန့်သွားပြီဖြစ်သဖြင့် ရခိုင်မှတန်ခိုးကြီးဘုရားများတွင် တပ်စွဲနေမှုရုပ်သိမ်းပေးရန် ဒေသခံများလိုလား

၂၀။ ဒေါက်တာအေးမောင်အပါအဝင် နိုင်ငံရေး အကျဉ်းသားများအား လွှတ်ပေးရန်တောင်းဆိုသည့် လှုပ်ရှားမှုအမ်းမြို့နယ်တွင်ပေါ်ပေါက်၊ တစ်စုံတစ်ရာဆောင်ရွက်မှုမရှိပါကလူထုလှုပ်ရှားမှုပြုလုပ်မည်

၂၁။ နှစ်ဖက်ငြိမ်းချမ်းရေးလက်မှတ်ထိုးပြီးချိန်တွင် မိုင်းရှင်းလင်းရေးအစီစဉ်များလုပ်လာနိုင်ဟု ရခိုင်နယ်လုံဝန်ကြီးပြော

၂၂။ ယခုနှစ်ကျရောက်သည့် (၁၀)ကြိမ်မြောက် သက္ကမအမျိုးသားနေ့ကို ကိုဗစ်-၁၉ကြောင့် အကျဉ်းချုံးကျင်းပ

၂၃။ ပန္နက်ကျေးရွာအတွင်းက ဆင်စခန်းကို နေရာပြောင်းရွှေ့ပေးရန် တောင်းဆို

၂၄။ ဒေသခံမဟုတ်တဲ့ စည်ပင်ဝန်ထမ်းခေါ်ယူမှုကို ပြန်လည်စိစစ်ပေးဖို့ ဒေသခံတချို့တောင်းဆို / စည်ပင် အင်ဂျင်နီယာ ဝန်ထမ်းခေါ်ယူမှု ပြန်လည်စိစစ် ပေးဖို့ တင်ပြမှုရှိနေ

၂၅။ ဖလမ်းမြို့ဆူးရုံဘုန်လေယာဉ်ကွင်း ဖွင့်ပွဲပြုလုပ်ပြီးမှ လေယာဉ်စတင်ပြေးဆွဲမည်

၂၆။ ကိုဗစ်ဒုတိယလှိုင်းတွင်ပိတ်ထားသည့် မော်လမြိုင် အမှတ်(၁)ဈေးနှင့် မြိုင်ရတနာဈေး ပုံမှန်ပြန်လည်ဖွင့်လှစ်ရောင်းချခွင့်ပြု

၂၇။ မွန်ပြည်နယ်ထွက်ငါးတွေကို ပြည်ပတင်ပို့ဖို့ အခက်အခဲတွေ ရှိနေ

၂၈။ လားရှိုးတွင် တရားမဝင် လက်နက်ခဲယမ်းကိုင်ဆောင်သည့် အမျိုးသားတဦးဖမ်းဆီးရမိ

*********************

၁။ သမ္မတ နှင့် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ တို့ကို အမှုကြားနာရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဆင့်ခေါ်

(6 January 2021)

နိုင်ငံတော်သမ္မတဦးဝင်းမြင့်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးလှသိန်း အပါအဝင် ၁၉ ဦးတို့ကို တိုင်ကြားထားသည့် တရားစွဲဆိုတိုင်ကြားချက်များအား လက်ခံရန် သင့်မသင့် လာမည့် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ကနဦး ကြားနာဆုံးဖြတ်မည်ဖြစ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ဇန်နဝါရီလ ၅ ရက်နေ့ ညနေပိုင်းက ထုတ်ပြန်ထားသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် စာချွန်တော်ဆိုင်ရာ ကြိုတင်သတိပေးအမှုခေါ်စာရင်း ဟူသောခေါင်းစဉ်ဖြင့် ထုတ်ပြန်ခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ပါ ၄ ဦးကို အာဏာပိုင်မေး စာချွန်တော် အမိန့်ထုတ်ပြီး စစ်ဆေးပေးရန် ဦးဇော်ဝိတ်မှ လျှောက်ထားခဲ့ခြင်းဖြစ်ပြီး၊ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းပါ ၁၅ ဦးတို့ကိုမူ အာဏာပိုင်မေး စာချွန်တော်(သို့မဟုတ်) အာဏာပိုင်မေး စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် သရေစည်သူဦးစိုးမောင်(အမျိုးသားနိုင်ငံရေး ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ) ဖြစ်သူနှင့် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ(USDP) တို့မှ လျှောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းလျှောက်ထားမှုများအား ဇန်နဝါရီလ (၂၉)ရက်နေ့တွင် Video Conferencing စနစ်ဖြင့် တရားသူကြီး (၃) က ကြားနာသွားရန်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ ရွေးကောက်ပွဲကော်မရှင် ဦးလှသိန်းအား ရွေးကောက်ပွဲတရားမမျှတမှု စွပ်စွဲချက်နှင့် တိုင်ကြားခြင်းဖြစ်သော်လည်း နိုင်ငံတော်သမ္မတကိုမူ အဘယ့်ကြောင့် တိုင်ကြားထားသည်မှာ မသိရှိရသေးပေ။ အာဏာပိုင်မေး စာချွန်တော်အမိန့်လျှောက်ထားမှုတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်သည် အပြီးသတ်အတည်ဖြစ်စေသည်ဟု ဥပဒေတွင်ပြဌာန်းထားသည်။ https://burmese.kachinnews.com/2021/01/06/jan-6-3/

***************

## ၂။ လှိုင်လင်လေးမြို့ရှိ မြေယာအငြင်းပွားမှု တရားနည်းလမ်းအရ နှစ်ဖက်လုံးတရားစွဲဆိုခံရနိုင်

(January 7, 2021)

လှိုင်ကော်မြို့နယ်၊ လှိုင်လင်လေးမြို့ ပိန်းချစ်ကျေးရွာအုပ်စု အိုင်စန့်ကျေးရွာမှာ ပြည်သူချင်းချင်း မြေယာအငြင်းပွားမှုကိစ္စကို တရားဥပဒေနည်းလမ်းကြောင်းအရ ဖြေရှင်းမယ်ဆိုရင် နှစ်ဦးနှစ်ဖက်လုံး တရားစွဲဆိုခြင်းခံရနိုင်ဖွယ်ရှိတယ်လို့ လှိုင်လင်လေး သစ်တောဦးစီးဌာန တာဝန်ခံက ထောက်ပြထားပါတယ်။

လယ်ယာမြေဥပဒေထွက်ပေါ်ပြီးနောက်မှာ တိုင်းရင်းသားဒေသဘက် မြေယာဓလေ့ထုံးတမ်းတွေနဲ့ ကိုက်ညီမှုမရှိပဲ အခုလို ရွှေ့ပြောင်းတောင်ယာတွေ အငြင်းပွားမှုတွေ လယ်ယာမြေပေါ်မှာ ကျူးကျော်နေထိုင်သူတွေ သစ်တောမြေပေါ်မှာ ကျူးကျော် နေထိုင်သူတွေ စတဲ့ပြဿနာတွေကို ကယားပြည်နယ်အတွင်း ကြုံတွေ့လာခဲ့ကြတာဖြစ်ပါတယ်။ လှိုင်လင်လေးမြို့ ပိန်းချစ် ကျေးရွာအုပ်စု အိုင်စန့်ကျေးရွာမှာ ဘိုးဘွားစဉ်ဆက်ကတည်းက လုပ်ကိုင်စားသောက်လာတဲ့ ခြံတွေဖြစ်ကြတယ်ဆိုပြီး ပြည်သူ အချင်းချင်းက အပြိုင်အဆိုင် အငြင်းပွားမှုတွေ ဖြစ်ပေါ်နေမှုအပေါ်မှာ လက်ရှိမှာ ကျေးရွာလူကြီးတွေက ဝင်ရောက်ညှိနှိုင်းမှု တွေ ပြုလုပ်နေပါတယ်။

သစ်တောဦးစီးဌာန တာဝန်ရှိသူရဲ့ထောက်ပြထားချက်အရ အဆိုပါ အငြင်းပွားမှုကို တရားနည်းလမ်းအရ အပြန်အလှန်တရား စွဲဆိုမှုနဲ့ သွားမည်ဆိုပါက နှစ်ဘက်လုံး မြေယာဆုံးရှုံးသွားနိုင်တဲ့အတွက် အငြင်းပွားမှုဖြစ်နေတဲ့မြေယာကို တစ်ဝက်စီခွဲယူလုပ် ကိုင်စားသောက်ကြဖို့ ကျေးရွာလူကြီးတွေက ညှိနှိုင်းမှုပြုလုပ်ပေးခဲ့ကြတယ်လို့သိရပါတယ်။

https://www.kantarawaddytimes.org

*****************

## ၃။ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်မှာ လက်နက်ကိုင်အားလုံးပါဝင်ဖို့ ကယန်းပြည်သစ်ပါတီတောင်းဆို

(January 6, 2021)

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးကြိုးပန်းမှုဖြစ်စဉ်မှာ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများအားလုံး ပါဝင်ခွင့်ပေးသင့် ကြောင်း ကယန်းပြည်သစ်ပါတီက ဆိုပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၃၀ ရက်နေ့ရက်စွဲနဲ့ ကယန်းပြည်သစ်ပါတီကနေ ထုတ်ပြန် ထားတဲ့ ထုတ်ပြန်ကြေငြာချက်မှာ တောင်းဆိုထားတာဖြစ်ပါတယ်။

ထုတ်ပြန်ချက်မှာ ကယန်းပြည်သစ်ပါတီအနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်ခွင့်ပေးဖို့အပြင်၊ NLD ပါတီအနေနဲ့ တိုင်းရင်းသားပါတီတွေနဲ့ တွေ့ဆုံရာမှာ ဒေသခံတွေကိုအမှန်တကယ်ကိုယ်စားပြုတဲ့ တိုင်းရင်းသားပါတီတွေကိုသာ အလေး ထားဆက်ဆံဖို့ဆိုတဲ့အချက်လည်းအပါအဝင်ဖြစ်ပါတယ်။ ကယန်းပြည်သစ်ပါတီဟာ ၁၉၆၄ခုနှစ် ဩဂုတ်လ ၈ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့တာဖြစ်ပြီး အင်အားနှစ်ထောင်ဝန်းကျင်ရှိတယ်လို့ သိရပါတယ်။ ကယန်းပြည်သစ်ပါတီဟာ စစ်အစိုးရရဲ့ ကမ်းလှမ်းမှုနဲ့ နိုင်ငံတော်အစိုးရနဲ့ အပစ်ရပ်ကို ၁၉၉၄ ခုနှစ် ဇူလိုင်လ ၂၆ရက်နေ့မှာ သဘောတူညီမှုရယူခဲ့ပါတယ်။

ကယန်းပြည်သစ်ပါတီဟာ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် ဆီးဘူးကျေးရွာမှာ အခြေစိုက်ပြီးတော့ သူ့ရဲ့မူဝါဒက ကယန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိဖို့ဖြစ်ပါတယ်။ ကယားပြည်နယ်မှာ တိုင်းရင်းသားလက်နက်ကိုင် ၇ ဖွဲ့ရှိပြီး ငြိမ်းချမ်းရေးတွေ့

ဆုံဆွေးနွေးပွဲတွေမှာ ကယားပြည်နယ်မှာ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တစ်ခုတည်းသာ ဖိတ်ကြားခြင်းခံရပါတယ်။ https://www.kantarawaddytimes.org/

****************

## ၄။ ပြည်နယ်အစိုးရအဖွဲ့သစ်တွင် ပညာရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းမည်

(January 7, 2021)

ကရင်ပြည်နယ် အစိုးရအဖွဲ့သစ်တွင် နည်းပညာရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသွားရန်လျာထားကြောင်း လက်ရှိကရင်ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်က ပြောသည်။

၂၀ဝ၈ ဖွဲ့အစည်းပုံအရ ပြည်နယ်ဝန်ကြီးချုပ်ကို ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲမှ သင့်တော်သူကို သမ္မတက ရွေးချယ်ခန့်အပ်ရခြင်းဖြစ်သည်။ ပြီးခဲ့သည့် ၂၀၂၀ ရွေးကောက်ပွဲတွင် လက်ရှိပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်သည် ပြည်နယ်လွှတ်တော် ဖားအံမြို့နယ်၊ အမှတ် ၁ မဲဆန္ဒနယ်တွင် အနိုင်ရရှိသည့်အတွက် ပြည်နယ်ဝန်ကြီးချုပ်တာဝန်ကို ဆက်ထမ်းဆောင်ရန် အလားအလာအရှိဆုံးသူ ဖြစ်သည်။

ကရင်ပြည်နယ်တွင် မြို့နယ် ၇ မြို့နယ်ရှိသည့်အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၄ ဦးနှင့် မွန်၊ ပအိုဝ်း၊ ဗမာ တိုင်းရင်းသား ကိုယ်စားလှယ်သုံးဦး စုစုပေါင်း ၁၇ ဦး အရွေးချယ်ခံခဲ့ရသည်။ ယင်းတို့ထဲ တွင် NLD က ၁၃ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ၂ ဦး၊ ကရင်ပြည်သူ့ပါတီက ၁ ဦးနှင့် မွန်ညီညွတ်ရေးပါတီမှ မွန်တိုင်းရင်းသားရေးရာ ကိုယ်စားလှယ်တစ်ဦးတို့ ဖြစ်သည်။ http://kicnews.org/2021/01

***************

## ၅။ ၂၁ရာစုပင်လုံညီလာခံလွန်မြောက်လျှင် တိုင်းရင်းသားတို့၏ လွတ်လပ်မှုများရရှိရန် မျှော်လင့်ကြောင်း ကရင်စည်ပင်ဝန်ကြီးပြော

(January 5, 2021)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ–NLD အစိုးရမှ ဖော်ဆောင်နေသည့် ၂၁ ရာစု ပင်လုံညီလာခံ လွန်မြောက်အောင်မြင်သွားသည့်အချိန်တွင် တိုင်းရင်းသားတို့၏ အခွင့်အရေးများ၊ လွတ်လပ်မှုများရရှိလာမည်ကို မျှော်လင့်ကြောင်း ကရင်ပြည်နယ် စီမံ၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က ဇန်နဝါရီ ၄ရက်နေ့တွင် ပြောဆိုလိုက်သည်။

ဝန်ကြီးဦးသန်းနိုင်၏ဖြေကြားချက်နှင့်ပတ်သက်ပြီး ၂၁ရာစုပင်လုံညီလာခံ၏ လုပ်ဆောင်ချက်အခင်းအကျင်းကို ပြန် ကြည့်လျှင် ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရန် အလှမ်းဝေးနေသေးကြောင်း ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီ (PSDP) အထွေထွေအတွင်းရေးမှူး စောကြည်လင်းက ပြောဆိုသည်။ သမ္မတဦးသိန်းစိန် အစိုးရလက်ထက်မှစပြီး NLD ဦးဆောင်သည့် အစိုးရလက်ထက်တိုင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ကို ပြုလုပ်ဆွေးနွေးခဲ့ကြရာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–၂၁ ရာစုပင်လုံညီလာခံ စတုတ္ထအကြိမ် (၂၀ ၂၀ပြည့် နှစ်)အထိ အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားအစုအဖွဲ့ (လက်နက်ကိုင်အဖွဲ့အစည်းနှင့်ပါတီများ)အကြား သိသာ ထင်ရှားသည့် အပြောင်းအလဲကို မဖော်ဆောင်နိုင်သေးကြောင်းလည်း သုံးသပ်ပြောဆိုမှုများ ရှိသည်။

အခြားတစ်ဖက်တွင် NLD ပါတီအနေဖြင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်၊ ဒေါက်တာအောင်မိုးညို၊ ဦးအင်ထုံခါးနော်ဆမ်တို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ကို ယခုဇန်နဝါရီလမှစ၍ တိုင်းရင်းသားပါတီများနှင့် သွားရောက် တွေ့ဆုံဆွေးနွေးရန် တာဝန်ပေးအပ်ထားပြီး ၎င်းတို့အနေဖြင့် ၂၀၂၁ ဇန်နဝါရီ ၁ရက်နေ့တွင် ကချင်ပြည်နယ်ရှိ ဒေသတွင်းအနိုင်ရပါတီများမှ ကိုယ်စားလှယ်များနှင့်ဆွေးနွေးခဲ့ပြီး ဇန်နဝါရီ ၃ရက်နေ့တွင် မွန်ပြည်နယ်ရှိ မွန်ညီညွတ်ရေးပါတီနှင့် တွေ့ဆုံမှုမှာ မဖြစ်သေးဘဲ နေရာကို ညှိနှိုင်းနေဆဲဖြစ်ကြောင်း သိရသည်။ http://kicnews.org/2021/01

*****************

## ၆။ စောဘဦးကြီး ရုပ်ထု ဖြုတ်ချစေခြင်းအပေါ် ကရင်လူ့အခွင့်အရေးအဖွဲ့ ရှုတ်ချ

(January 5, 2021)

ကရင်အမျိုးသားခေါင်းဆောင် စောဘဦးကြီး ကြေးရုပ်ထုအား အတင်းအဓမ္မဖိအားပေး ဖယ်ရှားခံရမှုအပေါ် အပြင်းအထန်ရှုတ်ချကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့-KHRG က ယနေ့ (ဇန်နဝါရီလ ၅ ရက်)တွင် သဘောထားထုတ်ပြန်ပြောဆိုလိုက်သည်။

ယခင်နှစ် သြဂုတ်လက ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဘဲဂရက်ကျေးရွာတွင် စိုက်ထူထားသည့် စောဘဦးကြီး အထိမ်းအမှတ်ကြေးရုပ်ထုကို ဒေသအာဏာပိုင်များ၏ဖိအားပေးမှုများကြောင့် ဇန်နဝါရီလ ၃ရက်နေ့ ညနေခန့်က ဖြုတ်ချလိုက်ရခြင်းဖြစ်ကြောင်း သတင်းများထွက်ပေါ်လာပြီးနောက် KHRG မှ ယခုလို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

စောဘဦးကြီး၏ ကိုယ်တစ်ပိုင်ပုံတူ ကြေးရုပ်ထုကို KNU-ကရင်အမျိုးသားအစည်းအရုံး တွဲဘက်အထွေ ထွေအတွင်းရေးမှူး(၂) ပဒိုစောလှထွန်း၏ စီစဉ်မှုဖြင့် ပြီးခဲ့သည့်သြဂုတ်လက စိုက်ထူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာအစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပါအချက်များကို မြှင့်တင်ကာကွယ်လေးစားရမည်ဖြစ်ပြီး တိုင်းရင်းသားများ၏သမိုင်းဝင်ပုဂ္ဂိုလ်များအား ဂုဏ်ပြုခြင်းများကို နှောင့်ယှက်ဖျက်ဆီး ဟန့်တားမှုများကိုရပ်တန့်ရန် KHRG က ၎င်း၏ ထုတ်ပြန်ချက်၌ တိုက်တွန်းထားသည်။ http://kicnews.org/2021/01

***************

## ၇။ ကိုဗစ်-၁၉ ကြောင့် (၇၃) နှစ်မြောက် ချင်းအမျိုးသားနေ့ ကျင်းပရန် မသေချာသေး

(JANUARY 5, 2021)

လာမည့် ဖေဖော်ဝါရီလ (၂၀) နေ့ရက်နေ့တွင် ကျရောက်မည့် (၇၃) နှစ်မြောက် ချင်းအမျိုးသားနေ့ပွဲတော်ကို ကိုဗစ်-၁၉ ကပ်ရောဂါ ကြောင့် ပြည်နယ်ဆင့်အနေဖြင့်ကျင်းပပြုလုပ်ရန် မသေချာသေးကြောင်း ချင်းပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်မင်းထန်ကပြောသည်။

ချင်းလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော ဖေဖော်ဝါရီလ (၂၀) ရက် ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်နယ်အဆင့်အနေဖြင့် နှစ်စဉ်စဉ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ကြသည်။ သို့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် ယခုနှစ်တွင်ကျင်းပပြုရန် မသေချာသေးခြင်းဖြစ်သည်။

၁၉၅၀ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့က ကျင်းပခဲ့သော ချင်းရေးရာကောင်စီအစည်းအဝေးတွင် ပထမဦးဆုံးအကြိမ် ချင်းအမျိုးသား ညီ လာခံကျင်းပခဲ့သည့်ရက်ကိုအစွဲပြု၍ ဖေဖော်ဝါရီ ၂၀ ရက်နေ့ကို ချင်းအမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ ပြီး နှစ်စဉ်နှစ်တိုင်း ဖေဖော်ဝါရီလ ၂၀ ရက်နေ့ရောက်သည့်အခါ အမျိုးသားနေ့ကို စည်ကားသိုက်မြိုက်စွာ ဆင်နွဲလေ့ရှိကြသည်။

https://khonumthung.org/?p=9631

****************

## ၈။ ဝေဖန်မှုများသည့် သန်း (၆၀) ကျော်တန် လွတ်လပ်ရေးကျောက်တိုင် ဟားခါးမှာ ဖွင့်လှစ်

(JANUARY 5, 2021)

ကျပ်ငွေသန်း (၆၀) ကျော်အကုန်ကျခံပြီး ချင်းပြည်နယ် ဟားခါးမြို့ မြို့သစ်ရပ်ကွက် ခုစီလိုဘိုပန်းခြံတွင် အမြင့်ပေ (၇၅) ရှိသော လွတ်လပ်ရေးကျောက်တိုင်ကို ဇန်နဝါရီလ ၄ ရက်နေ့ ၇၃ နှစ်မြောက်လွတ်လပ်ရေးနေ့မှာ ဖွင့်လှစ်ခဲ့ကြသည်။

ချင်းပြည်နယ်အစိုးရအနေဖြင့် ယခုကဲ့သို့လွတ်လပ်ရေးကျောက်တိုင်ကို ငွေကျပ်သန်းပေါင်းများစွာ အကုန်အကျခံ တည် ဆောက်မည့်အစား အကူအညီလိုအပ်နေသူများနှင့်ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေးပိုင်းတွင် အသုံးပြုသင့် သည်ဟု ဝေဖန်ထောက်ပြမှုများရှိခဲ့သည်။

အဆိုပါလွတ်လပ်ရေးကျောက်တိုင်ကို ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (GRF) ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၅၀၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ် ၁၁.၆ သန်း၊ စုစုပေါင်းကျပ် ၆၁.၆ သန်းဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ https://khonumthung.org/?p=9626

******************

## ၉။ တီးတိန်မြို့နယ်တွင် မဲမသမာမှုပြုနိုင်သော မဲစာရင်းပေါင်း ၈၀၀၀ ကျော်ရှိဟု တပ်မတော်ထုတ်ပြန်

(JANUARY 7, 2021)

၂၀၂၀ ရွေးကောက်ပွဲတုန်းက ချင်းပြည်နယ် တီးတိန်မြို့နယ်တွင် မဲမသမာမှုပြုနိုင်သည့် ထပ်နေသောမဲစာရင်းနှင့် မဲမသမာမှု ဖြစ်နိုင်သည့် အခြားမဲစာရင်းပေါင်း ၈၀၀၀ ကျော်ရှိသည်ဟု တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ဇန်နဝါရီလ ၆ ရက်နေ့ က ထုတ်ပြန်ချက်အရသိရသည်။

ယင်းထုတ်ပြန်ချက်တွင် နိုင်ငံသားစိစစ်ရေးကဒ် (နိုင်ကတ်) တူနေသူများ (ကျန်အချက်အားလုံးလွဲ) မဲစာရင်းတွင် ပါဝင်နေသူ အများဆုံးဖြစ်ပြီး ၄၀၁၆ ဦး၊ နိုင်ကဒ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူ ၃၅၃၃ ဦး၊ နိုင်ကတ်အမှတ် (၁) ခုတည်းဖြင့် မဲစာရင်း (၃) ကြိမ်ပါဝင်နေသူများ (၂၇၃) ဦး၊ နိုင်ကတ်တူ၊ မိခင်တူ (အမည်လွဲ၊ အသက်လွဲ၊ ဖခင်အမည်လွဲသူများ) ၁၃၈ ဦး ၊ နိုင်ကတ်တူ ဖခင်တူ (အမည်လွဲ၊ အသက်လွဲ၊ ဖခင်အမည်လွဲသူများ) ၁၂၈ ဦးနှင့် နိုင်ကတ်တူ၊အမည်တူ (အသက်လွဲ၊ မိဘအမည်လွဲသူများ) ၁၂၆ ဦး စသည်ဖြင့် တွေ့ရသည်။

ချင်းပြည်နယ် ဟားခါးမြို့နယ်တွင်လည်း မဲမသမာမှုပြုနိုင်သည့် မဲစာရင်းပေါင်း စုစုပေါင်း ၆၉၄၅ ရှိသည်ဟုဆိုကာ တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့က ဇန်နဝါရီလ ၃ ရက်နေ့ကထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ https://khonumthung.org/?p=9646

## ၁၀။ ချင်းပြည်နယ်အစိုးရအဖွဲ့၏ တီးတိန်မြို့နယ်အတွင်း ကိုဗစ်ရောဂါကိုင်တွယ်ဆောင်ရွက်ပေးမှု အားရကျေနပ်စရာမရှိ ဟုဆို

(JANUARY 7, 2021)

တီးတိန်မြို့နယ်သည် ချင်းပြည်နယ်တွင် ကိုဗစ်-၁၉ ကူးစက်ခံရမှု အများဆုံးမြို့ဖြစ်သော်လည်း အစိုးရအဖွဲ့၏ ကိုင်တွယ်ဆောင်ရွက်ပေးမှုအပိုင်းတွင် အားရကျေနပ်စရာမရှိကြောင်း တီးတိန်မြို့နယ်၊ ကိုဗစ်-၁၉ Volunteer အဖွဲ့မှ ကိုမုန်နီး ကပြောသည်။

တီးတိန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါပိုး ပထမဆုံးတွေ့ရှိခဲ့သည့် ၂၀၂၀ ခုနှစ် မတ်လ ၂၃ ရက် နေ့ကစပြီး လက်ရှိအချိန်ထိ ကိုဗစ်-၁၉ ရောဂါဒေသအတွင်း ကူးစက်မှုမြင့်တက်လာကာ သေဆုံးသူ ၂ ဦးအထိရှိလာပြီဖြစ်သော်လည်း ကိုဗစ်လူနာများကို အဓိကကုသပေးနေသည့် တီးတိန်မြို့ပြည်သူ့ဆေးရုံတွင် ယနေ့ချိန်ထိအောက်ဆီဂျင် ၊ ICU အခန်း၊ ကွာရန်တင်း စင်တာမရှိခြင်း ရေ၊မီး အချိန်မှန်ရရှိမှုမရှိခြင်း စသည့်အခက်အခဲများ ကြုံတွေ့နေရကြောင်းသိရှိရသည်။

ချင်းပြည်နယ်၊ လူမှုဝန်ကြီး ဦးပေါင်လွန်မင်းထန်ကတော့ တီးတိန်မြို့ပြည်သူ့ဆေးရုံတွင်အရေးပေါ်အခြေအနေတွင် အသုံးပြုရန်လိုအပ်လျှက်ရှိသော ICU အခန်းနှင့် သီးသန့်အဆောင်အတွက်အဆောက်အဦးကို အလှူရှင်များ၏ ဆောက်လုပ်ပေးမှုဖြင့် ပြီးစီးနေပြီးဖြစ်ကာ အောက်ဆီဂျင်ထုတ်လုပ်သောစက်ထည့်သွင်းရန်ကြိုးစားဆောင်ရွက်နေပြီဖြစ်ကြောင်း ပြောသည်။

https://khonumthung.org/?p=9644

***************

## ၁၁။ အရပ်ဘက်မဲဆန္ဒရှင်တွင် မဲမသမာမှုမရှိခဲ့ဟု ချင်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်ပြော

(JANUARY 6, 2021)

ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် မဲသမာမှုပြုနိုင်သည့် မဲစာရင်းပေါင်း ၆၀၀၀ ကျော်ရှိသည်ဟု တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ဇန်နဝါရီလ ၃ ရက်နေ့က ထုတ်ပြန်ခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ အရပ်ဘက်မဲဆန္ဒရှင်တွင် မဲမသမာမှု မရှိခဲ့ကြောင်း ချင်းပြည်နယ်ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးလင်းကျော်ကပြောသည်။

ဟားခါးမြို့နယ်တွင် ပြီးခဲ့သည့် ရွေးကောက်ပွဲတုန်းက ရှေ့တန်းထွက်မည့် တပ်မတော်သား ၂၉ ဦးကသာကြိုတင်မဲတောင်းခဲ့ကြပြီး ရှေ့တန်းမထွက်ဘဲ နောက်တန်းမှာရှိနေသည့် တပ်ခွဲမှူး၊ ဒုအရာခံဗိုလ်စသည့်ပုဂ္ဂိုလ်များကလည်း ကြိုတင်မဲတောင်းခဲ့ကြသည်ဟု သိရသည်။ ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဥက္ကဌ ဒေါက်တာမှုထန်ကတော့ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ရဲ့ ထုတ်ပြန်ချက်ဟာ ဖြစ်နိုင်ခြေရှိပြီး သူ့မဲဆန္ဒနယ်မြေ ထန်တလန်ဘက်မှာလည်း အလားတူဖြစ်ရပ်မျိုး နိုဝင်ဘာ ၈ ရက်နေ့ရွေးကောက်ပွဲတုန်းက ဖြစ်ပွားခဲ့ကြောင်းပြောဆိုသည်။

ပြီးခဲ့သည့် ၂၀၂၀ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီက အပြတ်အသတ်အနိုင်ရရှိခဲ့သော်လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက တရားမျှတမှုမရှိဟုဆိုကာ ကန့်ကွက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တပ်မတော်ပေါင်း၍ ရွေးကောက်ပွဲပြန်ကျင်းပရန်တောင်ဆိုမှုလည်း ရှိခဲ့သည်။
https://khonumthung.org/?p=9639

## ၁၂။ တတိယအကြိမ်လွှတ်တော်ကို လွှဲပြောင်းပေးဖို့ မွန်ပြည်နယ်လွှတ်တော် အဆင်သင့်ဖြစ်

(၂၀၂၀ ဇန်နဝါရီ ၅)

တတိယအကြိမ်လွှတ်တော်ကို လွှဲပြောင်းပေးဖို့ မွန်ပြည်နယ်လွှတ်တော်က အဆင်သင့်ဖြစ်နေပြီးလို့ မွန်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဒေါ်တင်အိက ပြောပါတယ်။ တတိယလွှတ်တော်သက်တမ်းမှာ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ဖို့အတွက် ဒုတိယ အကြိမ်လွှတ်တော်မှာ မဟာဗျူဟာစီမံကိန်းတွေ ရေးဆွဲထားခဲ့တာပါ။ ဒီစီမံကိန်းကို ၂၀၁၇ ခုနှစ်ကနေ ၂၀၂၂ ခုနှစ်အထိ ရေးဆွဲ ထားတာကြောင့် တတိယကြိမ်လွှတ်တော် စတင်တဲ့ ပထမတစ်နှစ်တာမှာ ချောမွေ့စွာလည်ပတ်နိုင်မယ်လို့ လွှတ်တော် ဥက္ကဋ္ဌ ဒေါ်တင်အိက ပြောပါတယ်။

တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်ကိုတော့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ပထမအပတ်မှာ စတင်မှာဖြစ်ပါတယ်။ မွန်ပြည်နယ် လွှတ်တော်ကို ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် ၂၃ ဦးနှင့် တပ်မတော်သား ကိုယ်စားလှယ် ၈ ဦး စုစုပေါင်း လွှတ်တော် ကိုယ်စားလှယ် ၃၁ ဦးတို့ဖြင့် ဖွဲ့စည်းထားပါတယ်။
လာမယ့် တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်မှာပါဝင်မယ့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် ၂၃ ဦးမှာတော့ အမျိုး သားဒီမိုကရေးအဖွဲ့ချုပ်ပါတီက ကိုယ်စားလှယ် (၁၇) ဦး၊ မွန်ညီညွတ်ရေးပါတီက (၆)ဦး အပါအဝင် တပ်မတော်သားကိုယ် စားလှယ် (၈)ဦးတို့နဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ https://thanlwintimes.com/2021/01/05

****************

## ၁၃။ ရွေးကောက်ပွဲမဲဆွယ်ကာလ ဖြစ်ပျက်သည့်ကိစ္စရပ်များ ယနေ့ထိ ရှင်းလင်းနေရ PNO ပြော

(January 8, 2021)

၂၀၂၀ ရွေးကောက်ပွဲ မဲဆွယ်ကာလအတွင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းသို့ PNO ပါတီမှ ပြိုင်ဘက်ပါတီများကို ဝင်ခွင့်မပြုခြင်း၊ အလံနှင့်ဆိုင်းဘုတ်များဖြုတ်ချသည့်ကိစ္စများကို ယနေ့တိုင် ဖြေရှင်းနေရကြောင်း စုံစမ်းသိရသည်။

PNO သည်၎င်းအခြေစိုက်သည့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိကျေးရွာများသို့ ပြိုင်ဘက်ပါတီများကို ဝင်ခွင့်မပြုသည့် အပြင် အလံနှင့်ဆိုင်းဘုတ်များဖြုတ်ချသည့် ကိစ္စရပ်များအား ယနေ့တိုင် အကြိမ်ကြိမ်ဖြေရှင်းနေရကြောင်း၊ ထိုကိစ္စသည် PNO မှ တားဆီးခဲ့ခြင်းမရှိခဲ့ကြောင်း PNO ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင် စောခွန်ကျော်ဝင်းက ပြောသည်။ ကျေးရွာတချို့သည် ကိုဗစ် ရောဂါကြောင့် ရွာအဝင်လမ်းများအား ရွာသားများမှ ပိတ်ဆို့ထားခြင်းများရှိနိုင်ပြီး မဲဆွယ်ကာလတွင် ၎င်းတို့ပါတီအနေနှင့် ပြိုင်ဖက်ပါတီများအား တားဆီးပိတ်ပင်ခြင်းမရှိခဲ့ကြောင်း ၎င်းကဆိုသည်။

PNO ပါတီအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ ပအိုဝ်းတိုင်းရင်းသားလူမျိုးများ အများအပြားနေထိုင်သော ရှမ်းပြည်နယ်တောင်ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အမျိုးသားလွှတ်တော် ငါးနေရာ၊ ပြည်သူ့ လွှတ်တော် ကိုးနေရာ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော် ၁၈ နေရာ၊ တိုင်းရင်းသားလူမျိုးရေးရာ နှစ်နေရာ စုစုပေါင်း မဲဆန္ဒနယ်မြေ ၃၄ နေရာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရှမ်းတောင် ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်း၊ လွိုင်လင်မြို့နယ်တို့တွင် ၁၁ နေရာ အနိုင်ရရှိခဲ့သည်။ https://burmese.shannews.org/archives/20258

*****************

## ၁၄။ ကျိုင်းတုံ စက်မှုဇုန် ပြုလုပ်ရန် သိမ်းဆည်းခံ မြေကိစ္စ ညှိနှိုင်းမှုအဆင်မပြေ

(January 8, 2021)

သျှမ်းပြည် အရှေ့ပိုင်း ကျိုင်းတုံ စက်မှုဇုန်ပြုလုပ်ရန်အတွက် နောင်ငင်းကျေးရွာတွင် သိမ်းဆည်းခံရသည့် မြေဧက ၅၅ နှင့် ပတ်သက်ပြီး သက်ဆိုင်ရာနှင့် မြေရှင်များညှိနှိုင်းမှု အဆင်မပြေသေးကြောင်း စုံစမ်းသိရသည်။

ယခုနှစ် ဇန်နဝါရီ ၆ ရက်တွင် နောင်ငင်းကျေးရွာ မြေ ၅၅ ဧက နှင့် ပတ်သက်ပြီး မြို့နယ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးမှ မြေရှင် ၂၃ဦးကို ခေါ်ဆိုကာ တဦးလျှင် ပေ (၈၀)ပြန်ပေးမည်ဟု ညှိနှိုင်းခဲ့သော်လည်း မြေရှင်များက သဘောမတူညီခဲ့ကြောင်း ကျိုင်းတုံမြို့ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ် (SNLD) အတွင်းရေးမှူး လုံးစိုင်းကျောက်က သျှမ်းသံတော်ဆင့်ကို ပြောသည်။ အဆိုပါမြေကို တစ်ဦးလျှင် ပေ ၈၀ ပေးရာတွင် မယူပါက တစ်ခြားနည်းဖြင့် ကိုင်တွယ်သွားဖို့ရှိကြောင်း ဒေသခံများကို ခြိမ်းခြောက်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုမြေဧကပေါ် နှစ်ပေါင်းများစွာ ရှာဖွေစားသောက်လာသည့်အတွက် မြေကိုသိမ်းဆည်းလိုက်ပါက ပြည်သူများအနေဖြင့် ရှာဖွေစားသောက်ရာတွင် အခက်အခဲများစွာ ရှိလာနိုင်ကြောင်း နောင်ငင်းကျေးရွာ ဒေသခံအမျိုးသားတဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။ သို့သော် ထိုပြန်ပေးသည့်မြေကွက်များစာရွက်စာတမ်း ပုံစံ(၇)များကို အုပ်ချုပ်ရေးမှူးရုံးတွင် သိမ်းဆည်းထားကြောင်းသိရသည်။ https://burmese.shannews.org/archives/20253

****************

## ၁၅။ RCSS/SSA နှင့် TNLA တိုက်ပွဲကြောင့် အရပ်သား (၃၇၀၀)ကျော် ထွက်ပြေးနေရ

(January 7, 2021)

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(RCSS/SSA)နှင့် တအောင်း(ပလောင်) အမျိုးသားလွတ်မြောက်ရေးတပ်မတော်( TNLA) တို့ကြား တိုက်ပွဲဖြစ်ပွားမှုကြောင့် စစ်ရှောင် ( ၃၇၀၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရကြောင်း စုံစမ်းသိရှိရသည်။

သျှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့နယ်ရှိ တော့ဆန်ကျေးရွာအုပ်စုမှာ စစ်ဘေးရှောင် (၁၈၄၆) ရှိပြီး၊ ကျောက်မဲမြို့ပေါ်တွင်လည်း စစ်ဘေးရှောင် (၁၀၀၇) ကျော် နှင့် နမ္မတူမြို့နယ်တွင် စစ်ရှောင် (၈၆၉ )ရှိကြောင်း စုံစမ်းသိရသည်။ ကျောက်မဲမြို့နယ် တော့ဆန်ကျေးရွာ အုပ်စု ပါခါးဘုန်းကြီးကျောင်းမှာ (၄၂၂) ဦး၊ ညောင်မောင်းဘုန်းကြီးကျောင်းမှာ (၆၀၈) ဦး နှင့် ရွှေကျောင်းနှင့် သီရိမင်္ဂလာမြောက်ကျောင်း တွင် (၈၁၆) ဦး စုစုပေါင်း ၁၈၄၆ဦးရှိကြောင်း သိရသည်။

ထိုနည်းတူ နမ္မတူမြို့နယ် မန်စံကျေးရွာတွင် စစ်ရှောင် (၂၄၉ )ကျော်နှင့် နားဆိုင်း စာသင်ကျောင်းတွင် စစ်ဘေးရှောင် (၆၂၀)ကျော်တို့ ရှိကြောင်းသိရသည်။ RCSS/SSA နှင့် TNLA တို့သည် ၂၀၂၀ ခုနှစ် ဒီဇင်ဘာ (၂၅) ရက်မှ စတင်ကာ ယနေ့ချိန်ထိ စစ်ရေးတင်းမာနေပြီး တိုက်ပွဲကြောင့် စစ်ရှောင်များ ယနေ့ချိန်ထိ နေရပ်သို့ မပြန်နိုင်သေးပေ။

https://burmese.shannews.org/archives/20231

*****************

**၁၆။ အစိုးရနှင့်တွေ့ရန် အပစ်ရပ် အဖွဲ့များ အဆင်သင့်မဖြစ်သေး**

(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၇)

NCA အပစ်ရပ်အဖွဲ့များ အစိုးရနှင့်တွေ့ဆုံရန် ရှိသော်လည်း အပစ်ရပ်အဖွဲ့များဘက်မှ အဆင်သင့်မဖြစ်သေးကြောင်း အပစ်ရပ် ၁၀ ဖွဲ့တွင်ပါဝင်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ် တပ်ဦး ABSDF က ပြောသည်။

လက်ရှိတွင် အစိုးရဖက်မှ တွေ့ဆုံဆွေးနွေးရန် အဆင်သင့်အနေအထားတွင်ရှိနေပြီး အပစ်ရပ်အဖွဲ့များက အဖွဲ့ဆယ်ဖွဲ့အတွင်း သဘောထားတစ်ခုတည်းရရှိအောင် ညှိနှိုင်းနေရသည့်အခြေအနေတွင် ရှိနေသည်ဟု ABSDF ဒု-ဥက္ကဋ္ဌ ဦးမျိုးဝင်းက ပြောသည်။

ရွေးကောက်ပွဲတွင်အနိုင်ရရှိခဲ့သည့် NLD ပါတီက အစိုးရသစ်မဖွဲ့စည်းနိုင်မီအချိန်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အလွတ်သဘော ဆွေးနွေးညှိနှိုင်းနိုင်ရန်အတွက် NCA အပစ်ရပ်ထားသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များက ယာယီတွေ့ဆုံဆွေးနွေးညှိနှိုင်းရေးအဖွဲ့တစ်ခုကို ပြီးခဲ့သည့် ၂၀၂၀ ခုနှစ် နိုဝင်ဘာလအတွင်းက ပြုလုပ်သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ PPST အစည်းအဝေးတွင် ဖွဲ့စည်းထားသည်။ PPST ၏ထိုယာယီ တွေ့ဆုံညှိနှိုင်းရေးအဖွဲ့ကို RCSS မှ ဗိုလ်မှူးကြီးစိုင်းငင်းက ဦးဆောင်မည်ဖြစ်ပြီး အပစ်ရပ် ၁၀ ဖွဲ့က ကိုယ်စားလှယ် တစ်ယောက်စီပါဝင်မည်ဟု သိရသည်။ https://www.nmg-news.com/2021/01/07/12725

*****************

**၁၇။ အစိုးရသစ်တွင် ဖိတ်ခေါ်ပါက ပါဝင်မည်ဟု ကချင်ပါတီဥက္ကဋ္ဌ ဒေါက်တာ မနမ်တူးဂျာပြော**

(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၇ )

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီမှဖွဲ့စည်းမည့် အစိုးရသစ်တွင်ပါဝင်ရန် ပြောဆိုလာပါက ပူးပေါင်းလုပ်ဆောင်သွားမည်ဟု ကချင်ပြည်နယ် ပြည်သူ့ပါတီ KSPP ဥက္ကဋ္ဌ ဒေါက်တာမနမ်တူးဂျာက ပြောသည်။

ထို့အပြင် ပြည်သူ့အကျိုးသယ်ပိုးရန် စိတ်ဆုံးဖြတ်ထားသည့်အတွက် ပေးလာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားမည်ဟု ဆိုသည်။ ပြီးခဲ့သည့် ဇန်နဝါရီလ ၁ ရက်နေ့က ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား နိုင်ငံရေးပါတီ ၃ ခုမှ ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသည့်ကိုယ်စားလှယ်များက NLD ပါတီမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။

သို့သော် ကချင်ပြည်နယ်ပြည်သူ့ပါတီ KSPP ပါတီ၏ ဒီဇင်ဘာလ ၃၁ ရက်နေ့က ပြုလုပ်သည့် ပါတီဗဟို အလုပ်အမှုဆောင်အဖွဲ့ CEC အစည်းအဝေးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီမှ ကိုယ်စားလှယ်များကို ပါတီကိုယ်စားပြုအနေဖြင့်သာ တွေ့ဆုံဆွေးနွေးသွားရန် ဆုံးဖြတ်ခဲ့သည့်အတွက် အဆိုပါတွေ့ဆုံမှုသည်ပါတီကို ကိုယ်စားပြုမှုမဟုတ်ကြောင်း KSPP ပါတီ ဒု-ဥက္ကဋ္ဌ- ၂ ဦးကွမ်ဂေါင်အောင်ခမ်းက ပြောသည်။ https://www.nmg-news.com/2021/01/07/12722

***************

**၁၈။ ရခိုင်တွင် အကြမ်းဖက်မှုဖြင့် တရားစွဲခံရသူ ၃၆၀ ကျော်ရှိ**

(Jan 8, 2021)

ရခိုင်ပြည်နယ်တွင် တပ်မတော်နှင့်ရက္ခိုင့်တပ်တော် (AA) တို့ တိုက်ပွဲဖြစ်ပွားခဲ့သည့် (၂) နှစ်တာကာလအတွင်းမှာ AA နှင့် ဆက်စပ်သည်ဆိုသည့် သံသယဖြင့်ဖမ်းဆီးခံရပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မဖြင့် တရားစွဲခံရသူ ၃၆၂ ဦးအထိရှိခဲ့ကြောင်း သဇင်ဥပဒေအထောက်အကူပြု၏ စာရင်းများအရ သိရသည်။

ထိုသို့ တရားစွဲခံရသူများမှာ မြောက်ဦးခရိုင်တွင် ၇၉ ဦး၊ ကျောက်ဖြူခရိုင်တွင် ၄၇ ဦးနှင့် မောင်တောခရိုင်တွင် ၆ ဦး၊ စစ်တွေခရိုင်တွင် ၂၁၈ ဦးအပြင် သံတွဲခရိုင်တွင် ၁၂ ဦးတို့ ဖြစ်ကြသည်။ ယင်းအထဲတွင် စွဲချက်မတင်မီနှင့် အပြီးသတ်အမိန့်တို့ဖြင့် ပြန်လည်လွတ်မြောက်သွားသူ မြောက်ဦးခရိုင်မှ ၁ ဦး၊ ကျောက်ဖြူခရိုင်မှ ၄ ဦး၊ မောင်တောခရိုင်မှ ၁ ဦး၊ စစ်တွေခရိုင်မှ ၆၇ ဦးနှင့် သံတွဲခရိုင်တွင် ၅ ဦး စုစုပေါင်း ၇၈ ဦးရှိခဲ့သည်။

ပြန်လည်လွတ်မြောက်သွားသူများသည် အမှုမှန်မပေါ်ပေါက်သည့်အတွက် စွဲချက်မတင်မီအဆင့်တွင် လွတ်မြောက်လာခြင်းဖြစ်ပြီး ထိုသို့ စွပ်စွဲခံရသူများနှင့် ၎င်းတို့မိသားစုဝင်များမှာ ကာလရှည်ကြာ တရားရင်ဆိုင်ခဲ့ရသဖြင့် အခက်အခဲများအပြင် နစ်နာမှုများဖြစ်ရသည်။ ဖမ်းဆီးခံရသူအများစုမှာ မိသားစုရှိသည့် လူများဖြစ်ကြပြီး ယင်းသို့ဖမ်းဆီးခံရသောကြောင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာအပြင် စီးပွားရေးအရပါ ထိခိုက်နစ်နာမှုများဖြစ်သွားသဖြင့် နစ်နာမှုဆိုသည့်အရာကို တိုင်းတာရခက်ကြောင်း သဇင်ဥပဒေအထောက်အကူပြုအဖွဲ့မှ ဒါရိုက်တာ ဦးငြိမ်းချမ်းက ပြောသည်။ https://www.dmgburmese.com/

**************

**၁၉။ တိုက်ပွဲများရပ်တန့်သွားပြီဖြစ်သဖြင့် ရခိုင်မှတန်ခိုးကြီးဘုရားများတွင် တပ်စွဲနေမှုရုပ်သိမ်းပေးရန် ဒေသခံများလိုလား**

(08 Jan, 2021)

ရခိုင်ပြည်နယ်အတွင်း တိုက်ပွဲများရပ်တန့်သွားပြီဖြစ်သဖြင့် ဘုရားများတွင်တပ်မတော်သားများ တပ်စွဲနေမှုကို ပြန်ရုပ်သိမ်းပေးရန် ဒေသခံများလိုလားတောင်းဆိုနေကြောင်း သတင်းရရှိသည်။

မြောက်ဦးမြို့နယ်မှ လင်းမြွေတောင်ဘုရားတွင်လည်း စစ်တပ်မှတပ်စွဲထားသည်မှာ ၂၀၁၉ ခုနှစ်မှ ယခုလက်ရှိအချိန်ထိ ဖြစ်သဖြင့် တပ်စွဲထားမှုကို ပြန်ရုပ်သိမ်းပေးလိုစေသည့်အကြောင်း အမည်မဖော်လိုသူ တိန်ညိုကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။ ဘုရားများတွင် တပ်စွဲနေထိုင်ခြင်းသည် နိုင်ငံတကာ စစ်စည်းကမ်းနှင့် တပ်မတော်၏ စစ်စည်းကမ်းနှင့် မကိုက်ညီသည့်အပြင် ဘုရားရင်ပြင်မှ တပ်စွဲထားမှုကို ပြန်ရုပ်သိမ်းပေးလိုကြောင်း ဘူးသီးတောင်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်သိန်းက ပြောသည်။

အဆိုပါကိစ္စများနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်၊ အစိုးရအဖွဲ့၏ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၏ သဘောထားကို ရယူရန် နရဉ္ဇရာသတင်းဌာနမှ ဆက်သွယ်မေးရန်ကြိုးစားခဲ့ရာ ဖုန်းကိုင်သော်လည်း တစ်စုံတရာတုန့်ပြန်ပြောဆိုမှုမရှိဘဲ ဖုန်းချသွားခဲ့သဖြင့် အစိုးရတာဝန်ရှိသူများ၏ သဘောထားကိုတင်ပြနိုင်ခြင်းမရှိပါ။ https://burmese.narinjara.com/

****************

## ၂၀။ ဒေါက်တာအေးမောင်အပါအဝင် နိုင်ငံရေး အကျဉ်းသားများအား လွှတ်ပေးရန်တောင်းဆိုသည့် လှုပ်ရှားမှုအမ်းမြို့နယ်တွင်ပေါ်ပေါက်၊ တစ်စုံတစ်ရာဆောင်ရွက်မှုမရှိပါကလူထုလှုပ်ရှားမှုပြုလုပ်မည်

(07 Jan, 2021)

အမ်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်နှင့် ရခိုင်စာရေးဆရာဝေဟင်အောင်အပါအဝင် ဖမ်းဆီးခံ နိုင်ငံရေးသမားများအား ခြွင်းချက်မရှိပြန်လွှတ်ပေးရန် အမ်းမြို့နယ် ကျေးရွာပေါင်း ၃၀ ကျော်နှင့် မြို့ပေါ်ရပ်ကွက်ရှိ လူစည်ကားသောနေရာများတွင် စတေကာများကိုကပ်ကာ ကမ်ပိန်းလှုပ်ရှားမှုကို ဇန်နဝါရီ ၆ ရက်နေ့ ညအချိန်က ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ စတေကာစာရွက် ၅၀၀ ကျော်အထိ ကပ်ပြီး လှုပ်ရှားမှု ပြုလုပ်ခဲ့ကြောင်း အမ်းမြို့နယ်မှ တက်ကြွလှုပ်ရှားသူ ကိုမျိုးလွင်က ပြောသည်။

မန်မာပြည်အနှံ့အပြားနှင့် ရခိုင်ပြည်နယ် အနှံ့အပြားမှ နိုင်ငံရေး တက်ကြွ လှုပ်ရှားသူများ၊ ကျောင်းသားများကိုလည်း ခြွင်းချက်မရှိ ပြန်လွှတ်ပေးရန်လိုအပ်ကြောင်း ၎င်းကပြောသည်။ ယမန်နေ့က ပြုလုပ်သော လှုပ်ရှားမှုအတွင်း တောင်းဆိုချက်လေးချက်ပါကြောင်း သိရှိရသည်။

အဆိုပါတောင်းဆိုချက်များမှာ “မြန်မာအစိုးရနဲ့မြန်မာစစ်တပ်တို့က ဖမ်းဆီးပြီးထောင်သွင်းအကျဉ်းချခံနေရသော ဒေါက်တာအေးမောင် ကိုဝေဟင်အောင်တို့အပါအဝင် နိုင်ငံရေးအကျဉ်းသားများအား ခြွင်းချက်မရှိလွှတ်ပေးရေး။ နိုင်ငံရေးနဲ့ ဆက်နွယ်ပြီး ဖမ်းဆီးထိန်းသိမ်းခံနေရသော တက်ကြွ လှုပ်ရှား သူများအား ခြွင်းချက်မရှိ လွှတ်ပေးရေး။ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေး လှုပ်ရှားမှုဖြင့် မြန်မာပြည်အနှံ့ အမှုရင်ဆိုင်နေရသော ကျောင်း/သူများအား ခြွင်းချက်မရှိ လွှတ်ပေးရေးနှင့် ရခိုင်ပြည်အနှံ့ပုဒ်မအမျိုးမျိုးတပ်၍ ဖမ်းဆီးခြင်း ခံနေရသော ရခိုင်ပြည်သူများအား ခြွင်းချက်မရှိ လွှတ်ပေးရေး” တို့ ဖြစ်ကြသည်။

https://burmese.narinjara.com/news/detail

*****************

## ၂၁။ နှစ်ဖက်ငြိမ်းချမ်းရေးလက်မှတ်ထိုးပြီးချိန်တွင် မိုင်းရှင်းလင်းရေးအစီစဉ်များလုပ်လာနိုင်ဟု ရခိုင်နယ်လုံဝန်ကြီးပြော

(07 Jan, 2021)

နှစ်ဖက်ငြိမ်းချမ်းရေးလက်မှတ်ထိုးပြီးသည့်အချိန်တွင် မိုင်းရှင်းလင်းရေးအစီစဉ်များလုပ်လာနိုင်သဖြင့် လက်ရှိအချိန်တွင် ဒေသခံပြည်သူများအနေဖြင့် မိုင်းရှိနိုင်မည့်နေရာများသို့ မသွားကြရန် ရခိုင်ပြည်နယ် အစိုးရအဖွဲ့လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသန်းက နရဉ္ဇရာသတင်းဌာနသို့ ပြောသည်။

ရခိုင်ပြည်နယ်အတွင်း မြန်မာ့တပ်မတော်နှင့် ရက္ခိုင့်တပ်တော် (AA) တို့အကြား ဖြစ်ပွားနေသည့် တိုက်ပွဲ ၂ နှစ်တာကာလအတွင်း မြေမြုပ်မိုင်းပေါက်ကွဲ၍ အရပ်သားများ သေဆုံးဒဏ်ရာရရှိမှုများပြားလာနေပြီး လက်ရှိအချိန်ထိ မြေမြုပ်မိုင်းနှင့် စစ်ကျန်လက်နက်ခဲယမ်းမီးကျောက်များပေါက်ကွဲ၍ သေဆုံးသူ ၃၃ ဦး၊ ဒဏ်ရာရရှိသူ ၇၀ နီးပါးရှိနေပြီဖြစ်ကြောင်း ရခိုင်တိုင်းရင်းသား မျိုးနွယ်များအစည်းအရုံး (REC) ၏ ထုတ်ပြန်ချက်အရ သိရသည်။

ရခိုင်ပြည်နယ်တွင် မိုင်းအန္တရာယ်သည် တိုက်ပွဲများရပ်တန့်သွားပြီးနောက် ဆယ်စုနှစ်အထိ ပြည်သူများအား ခြောက်လန့်နေမည့်ကိစ္စဖြစ်ကြောင်း၊ အစိုးရနှင့် ICRC စသည့်အဖွဲ့များမှ သေချာစွာကိုင်တွယ်ဖြေရှင်းပါမှ သေဆုံး၊ ဒဏ်ရာရရှိခြင်းများမှ

ကင်းဝေးနိုင်မည်ဖြစ်ကြောင်း စစ်တွေဆေးရုံရောက် စစ်ဘေးသင့်လူနာများ ကူညီစောင့်ရှောက်ရေးလုပ်နေသည့် ဦးသန်းထွန်းကပြောသည်။ လက်ရှိ ရခိုင်ပြည်နယ်တွင် မြေမြုပ်မိုင်းအန္တရာယ်နှင့်ပတ်သက်ပြီး အသိပညာပေးမှုအားနည်းနေသည်ဟု ဦးသန်းထွန်းက ဆက်လက်ပြောဆိုသည်။ https://burmese.narinjara.com/

**************

## ၂၂။ ယခုနှစ်ကျရောက်သည့် (၁၀)ကြိမ်မြောက် သက္ကမအမျိုးသားနေ့ကို ကိုဗစ်-၁၉ကြောင့် အကျဉ်းချုံးကျင်းပ

(07 Jan, 2021)

ရခိုင်မျိုးနွယ်စုဝင်များဖြစ်ကြသော သက္ကမလူမျိုးတို့၏ (၁၀) ကြိမ်မြောက် သက္ကမအမျိုးသားနေ့ကို ဇန်နဝါရီလ ၇ ရက်နေ့က မင်းပြားမြို့နယ်၊ ရွှေတောင်ကျေးရွာ၌ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အကျဉ်းချုံးပြုလုပ်ကျင်းပခဲ့ကြောင်း သက္ကမစာပေနှင့်ယဉ်ကျေးမှုအသင်းမှ သတင်းရရှိသည်။

၎င်းသက္ကမအမျိုးသားနေ့ကို ယခင်နှစ်များလို စည်စည်ကားကား မကျင်းပနိုင်၍ ရိုးရာယဉ်ကျေးမှုအက ကပြပြသခွင့်မရသဖြင့် စိတ်ထဲမှာခံစား ဝမ်းနည်းမိကြောင်း သက္ကမလူမျိုးဝင်တစ်ဦးဖြစ်သူ မနီနီလင်းက ပြောသည်။ သက္ကမအမျိုးသားနေ့ကို ၂၀၁၂ ခုနှစ်မှစ၍ မင်းပြားမြို့နယ်၊ လက်ပန်ကုန်း ကျေးရွာတွင် စတင်ပြုလုပ်ခဲ့ပြီး (၁၀) ကြိမ်မြောက် သက္ကမအမျိုးသားနေ့ကို ရွှေတောင်ကျေးရွာတွင် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် ပြုလုပ်ကျင်းပခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း သက္ကမလူမျိုးတို့သည် မင်းပြား၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ မောင်တောနှင့် ဘူးသီးတောင် ၎င်းမြို့နယ်များတွင် အများဆုံးနေထိုင်ကြ၍ ကျန်မြို့နယ်များ၌ အနည်းငယ်နေထိုင်လျက်ရှိကြောင်းနှင့် ရခိုင်ပြည်နယ်တွင် သက္ကမလူမျိုး ၄၀၀၀၀ ခန့်ရှိ၍ ပြည်ပရောက် သက္ကမလူမျိုး ၅၀၀၀ ခန့်ရှိကြောင်း မင်းပြားမြို့နယ် သက္ကမစာပေနှင့် ယဉ်ကျေးမှု အသင်းမှ သိရှိရသည်။ https://burmese.narinjara.com/news/detail

****************

## ၂၃။ ပန္နက်ကျေးရွာအတွင်းက ဆင်စခန်းကို နေရာပြောင်းရွှေ့ပေးရန် တောင်းဆို

(7 January 2021)

တနိုင်းမြို့နယ် လီဒိုလမ်းမပေါ်ရှိ ပန္နက်ကျေးရွာနယ်နိမိတ်တွင် တဝမ်ဆင်စခန်းတစ်ခုရှိနေသောကြောင့် လုပ်ကိုင်စားသောက်ရန် ခက်ခဲနေသဖြင့် ၎င်းဆင်စခန်းအား နေရာရွှေ့ပြောင်းပေးရန် ဒေသခံများက တောင်းဆိုနေကြသည်။ ပန္နက်ကျေးရွာဒေသခံများက ၎င်းဆင်စခန်းအား ကျေးရွာနှင့်အလှမ်းဝေးသည့် ၃ မိုင်အကွာခန့်တွင် ရွှေ့ပြောင်းပေးရန် တောင်းဆိုနေကြခြင်းဖြစ်သည်။

၂၀၂၀ ခုနှစ် ဧပြီလအတွင်း လဝကဝန်ကြီးဦးဇော်ဝင်းက တနိုင်းမြို့နယ်သို့ လာရောက်စဉ် အဆိုပါဆင်စခန်းကို ကျေးရွာနယ်နမိတ်ပြင်ပသို့ ရွှေ့ပြောင်းပေးရန်တောင်းဆိုခဲ့သော်လည်း ညှိနှိုင်းဆောင်ရွက်ပေးမည်ဟုသာ ပြောခဲ့သည်ဟုဆိုသည်။

တဝမ်ဆင်စခန်းအား တနိုင်းမြို့နယ် ပန္နက်ကျေးရွာ လီဒိုလမ်းမ ညာဘက်ခြမ်းဘေးမဲ့တောမြေယာမြေတစ်လျှောက် သတ်မှတ်ထားခြင်းကြောင့် ကျေးရွာနှင့်အလှမ်းဝေးသည့်မြေနေရာတွင် သတ်မှတ်စေလိုကြောင်း တောင်းဆိုနေကြသည်။ ဟူးကောင်း

ချိုင့်ဝှမ်းဒေသတွင် လက်ရှိလုပ်ကိုင်နေသော စီမံကိန်းအများစုမှာ ဒေသခံများ၏ဆန္ဒမပါဘဲ အကောင်ထည်ဖော်ခဲ့သည်ဟု ဒေသခံများက ပြောဆိုနေကြသည်။ https://burmese.kachinnews.com/

****************

## ၂၄။ ဒေသခံမဟုတ်တဲ့ စည်ပင်ဝန်ထမ်းခေါ်ယူမှုကို ပြန်လည်စိစစ်ပေးဖို့ ဒေသခံတချို့တောင်းဆို / စည်ပင် အင်ဂျင်နီယာ ဝန်ထမ်းခေါ်ယူမှု ပြန်လည်စိစစ် ပေးဖို့ တင်ပြမှုရှိနေ

(January 8, 2021)

နန်းမယ်ခုံမြို့ စည်ပင်သာယာရေးအဖွဲ့ ဖွဲ့စည်းဖို့ခေါ်ယူခဲ့တဲ့ လစ်လပ်ရာထူးနေရာတွေထဲက အငယ်တန်းအင်ဂျင်နီယာ ၄ ရာထူးနေရာကို ပြန်လည်စိစစ်ပေးဖို့ ဇန်နဝါရီလ ၄ရက်နေ့က လက်မှတ်ရေးထိုးတင်ပြလာတာ ရှိပါတယ်။

အဆိုပါရာထူးကို လျှောက်ထားသူတွေထဲမှာ ဘီအီး(B.E) နဲ့ ဘီတက်(B.tech) ဘွဲ့ရထားသူတွေရှိနေပေမဲ့ B.E ဘွဲ့ထက် ပိုနိမ့်တဲ့ ဘီတက်ဘွဲ့ B.tech ဘွဲ့ရထားသူကို ခေါ်ယူလိုက်တာကြောင့် လူထုအကြားဝေဖန်မှုတွေရှိခဲ့ပါတယ်။ ဒီးမော့ဆိုစည်ပင်သာယာရေးအဖွဲ့က ဒီဇင်ဘာလတုန်းက နန်းမယ်ခုံမြို့ စည်ပင်သာယာရေးအဖွဲ့ ဖွင့်လှစ်ဖို့ လစ်လပ်နေတဲ့ရာထူး ၈နေရာကို ခေါ်ယူခဲ့တာဖြစ်ပါတယ်။ သတ်မှတ်ချက်တွေမှာ သက် ၁၈နှစ်အထက်နဲ့ ၃၀ နှစ်ထက်မကြီးသူတွေကို လျှောက်ဖို့ပါရှိပါတယ်။

ဒေသခံတွေရဲ့ ပြန်လည်စိစစ်ပေးဖို့ တင်ပြတောင်းဆိုချက်ကို ဘယ်လိုဆောင်ရွက်သွားမလဲဆိုတာကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကို ဆက်သွယ်မေးမြန်းဖို့ကြိုးစားခဲ့ပေမယ့် ပြန်လည်ဖြေကြားပေးဖို့ မအားသေးဘူးလို့ ဆိုပါတယ်။ စည်ပင်သာယာရေးအဖွဲ့က ဒီဇင်ဘာလမှာ မြို့နယ်အလိုက် လစ်လပ်ဝန်ထမ်းတွေကို ခေါ်ယူခဲ့ပြီး လာရောက်လျှောက်ထားသူ များပြားခဲ့ပါတယ်။ https://www.kantarawaddytimes.org/

*****************

## ၂၅။ ဖလမ်းမြို့ဆူးရဲဘုန်လေယာဉ်ကွင်း ဖွင့်ပွဲပြုလုပ်ပြီးမှ လေယာဉ်စတင်ပြေးဆွဲမည်

(JANUARY 7, 2021)

ချင်းပြည်နယ်၊ဖလမ်းမြို့အနီးတွင်တည်ဆောက်ပြီးစီးနေပြီဖြစ်သည့် ဆူးရဲဘုန်လေယာဉ်ကွင်းမှာ ဖွင့်ပွဲပြုလုပ်ပြီးမှ လေယာဉ်စတင်ပြေးဆွဲနိုင်မည်ဟု ချင်းပြည်နယ်အစိုးရပြောရေးဆိုခွင့်ရှိသူ စည်ပင်ဝန်ကြီး ဦးစိုးထက် ကပြောသည်။

ချင်းပြည်နယ်ရှိ ဆူးရဲဘုန်လေယာဉ်ကွင်းတည်ဆောက်မှု ရာခိုင်နှုန်းပြည့်ပြီးစီးပြီဖြစ်၍ ၂၀၂၀ ခုနှစ် အောက်တိုဘာလ ၂၇ ရက်တွင် မြန်မာ့လေကြောင်းလိုင်းမှ ATR-72 လေယာဉ်အမျိုးအစားဖြင့် ပထမဆုံးစမ်းသပ်သည့်အနေဖြင့် ဆင်းသက်ပျံသန်းခဲ့ပြီးဖြစ်သည်။ ဆူရဲဘုန်လေယာဉ်ကွင်းသည် ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်ပေ (၆၀၀၀) တွင်တည်ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်စတင်ဆောင်ရွက်ခဲ့ပြီး လေဆိပ်တည်ဆောက်မှုကုန်ကျ စရိတ်မှာမြန်မာ ကျပ်ငွေ (၃၇) ဘီလီယံရှိသည်ဟု သိရသည်။

လိုင်လင်းပီလေယာဉ်ကွင်းငယ်သည် မြန်မာနိုင်ငံတွင် နိုင်ငံတကာအဖွဲ့အစည်းတစ်ခု၏ငွေကြေးနှင့် နည်းပညာရာနှုန်းပြည့် ထောက်ပံ့မှုဖြင့် ပထမဆုံးတည်ဆောက်နေခြင်းဖြစ်ပြီး Caravan Cessna လေယာဉ်အမျိုးအစားဆင်းသက်နိုင်ပြီး ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်ပေ (၄၉၁၈) တွင်တည်ရှိသော လေယာဉ်ကွင်းဖြစ်ကြောင်းသိရသည်။

https://khonumthung.org/?p=9648

## ၂၆။ ကိုဗစ်ဒုတိယလှိုင်းတွင်ပိတ်ထားသည့် မော်လမြိုင် အမှတ်(၁)ဈေးနှင့် မြိုင်ရတနာဈေး ပုံမှန်ပြန်လည်ဖွင့်လှစ်ရောင်းချခွင့်ပြု

(၀၇ ဇန်နဝါရီ ၂၀၂၁)

ကိုဗစ် ၁၉ ဒုတိယလှိုင်းတွင် ၄ လနီးပါးပိတ်ထားရသည့် မော်လမြိုင်မြို့အမှတ်(၁)ဈေးနှင့် မြိုင်ရတနာဈေးကို ယနေ့ဇန်နဝါရီလ ၇ ရက်နေ့တွင် အခြေခံစားသောက်ကုန်အပြင် အခြားကုန်စည်ပစ္စည်းများကို ပုံမှန်ပြန်လည်ဖွင့်လှစ်ရောင်းချရောင်းချခွင့်ပြုလိုက်ကြောင်း သတင်းရရှိသည်။

အကယ်၍ Mask မတပ်လက်မဆေးပါက ဈေးဝင်းအတွင်း ဝင်ရောက်ခွင့်မပြုကြောင်း၊ သတ်မှတ်လူဦးရေထက် ဆိုင်ခန်းဝန်ထမ်းအရေအတွက်ကျော်လွန်သွားပါက စိစစ်သွားမှာဖြစ်ကြောင်း မြိုင်ရတနာဈေး ဒုတာဝန်ခံ ဦးအောင်မိုးကျော်က ပြောသည်။ ယခုအခါ ဈေးများပြန်လည်ဖွင့်လှစ်သော်လည်း ကိုဗစ် ၁၉ ကူးစက်မှုပြန်လည်မြင့်မားလာပါက ဈေးပြန်လည်ပိတ်သွားမည်ကို စိုးရိမ်နေသည့်အပြင် ဆိုင်ရှင်တစ်ဦးအနေဖြင့် ဆိုင်ခန်းငှားခ အလုပ်သမားခများ နစ်နာမှုရှိခဲ့ကြောင်း အမှတ်(၁)ဈေးမှ အိမ်သုံးပစ္စည်းရောင်းသူ ဒေါ်သန်းသန်းစိုးက ပြောသည်။

စက်တင်ဘာလဆန်းပိုင်းကတည်းကစတင်ပြီး အမှတ်(၁)ဈေးနှင့် မြိုင်ရတနာဈေးရှိ ဆိုင်ခန်းပေါင်း(၂၀၀၀)ကျော်ခန့် ဈေးရောင်းချခွင့် ကန့်သန့်ခံခဲ့ရပြီး ဈေးသူဈေးသားများနှင့် အလုပ်သမားထောင်နှင့်ချီရှိနေကြောင်း၊ အလားတူ ဘီးလင်းမြို့မ ဈေးကိုလည်း ယနေ့ဇန်နဝါရီ ၇ ရက်နေ့တွင် ပုံမှန်ပြန်လည်ရောင်းချခွင့်ပြုလိုက်ကြောင်း သတင်းရရှိသည်။

http://burmese.monnews.org/2021/01/07

*****************

## ၂၇။ မွန်ပြည်နယ်ထွက်ငါးတွေကို ပြည်ပတင်ပို့ဖို့ အခက်အခဲတွေ ရှိနေ

(January 7, 2021)

မွန်ပြည်နယ်ထွက် ငါးတွေကို ပြည်ပတင်ပို့ဖို့ အခက်အခဲများစွာ ရင်ဆိုင်နေရတယ်လို့ ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူတွေက ပြောပါတယ်။ မွန်ပြည်နယ်ထွက် ငါးတွေကို တရုတ် ၊ စင်ကာပူနဲ့မလေးရှား နိုင်ငံတွေကို အဓိက တင်ပို့ရောင်းချနေရတာ ဖြစ်ပါတယ်။ အဲ့ဒီလို တင်ပို့တဲ့ ငါး (၉၀) ရာခိုင်နှုန်းဟာ တရုတ်ဈေးကွက်ကို မှီခိုနေရတာ ဖြစ်ပါတယ်။

အခုအခါမှာတော့ ကိုဗစ်ကပ်ရောဂါကြောင့် တရုတ်ဈေးကွက်ကို တင်ပို့ဖို့အခက်အခဲတွေရှိနေတာကြောင့် ဖမ်းဆီးရမိတဲ့ ငါးတွေကို အအေးခန်းတွေမှာသာ သိုလှောင်ထားရတယ်လို့ မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးဌေးဝင်းက ပြောပါတယ်။ ဒါ့အပြင် နယ်စပ်ဂိတ်တွေမှာလည်း စည်းမျဉ်းစည်းကမ်းတွေ ပိုမိုတင်းကြပ်လိုက်တဲ့အတွက် ပို့ကုန်တွေ တင်ပို့ရာမှာလည်း အခက်အခဲတွေ ရင်ဆိုင်နေရတယ်လို့ ဆိုပါတယ်။

အခုလို အခြေအနေတွေကြောင့် မွန်ပြည်နယ်ထွက် ငါးတွေကို အထက်မြန်မာပြည်ဈေးကွက်မှာ ရောင်းချနိုင်အောင် သမဝါ ယမအသင်းနဲ့ မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေပြီးဖြစ်ပါတယ်။ မွန်ပြည်နယ်မှာတော့ ငါးဖြတ် ၊ ငါးသလောက် အများဆုံးထွက်ရှိပြီး ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ကိုလည်း တင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ https://thanlwintimes.com/2021/01/07/

## ၂၈။ လားရှိုးတွင် တရားမဝင် လက်နက်ခဲယမ်းကိုင်ဆောင်သည့် အမျိုးသားတဦးဖမ်းဆီးရမိ

(January 7, 2021)

သျှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့တွင် တရားမဝင်လက်နက်ခဲယမ်း ကိုင်ဆောင်သည့် အမျိုးသားတဦးကို ဖမ်းဆီးမိကြောင်း သတင်းရရှိသည်။ လားရှိုးမြို့တွင် ယောက္ခမဖြစ်သူအား သေနတ်ဖြင့် ခြိမ်းခြောက်မှုဖြင့် အမျိုးသားတစ်ဦးအား စစ်ဆေးရာမှ မုံးဟပြည်သူ့စစ်အဖွဲ့ယူနီဖောင်းများနှင့် လက်နက်ခဲယမ်းများကို တရားမဝင်သုံးစွဲနေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း လားရှိုးမြို့နယ်ရဲတပ်ဖွဲ့ ၏ သတင်းထုတ်ပြန်ချက်အရသိရသည်။

ဇန်နဝါရီ (၆)ရက်တွင် လားရှိုးမြို့ ရပ်ကွက်(၇)တွင်နေထိုင်သည့် ဦးပီရှုန်းသည် သေနတ်ဖြင့် ခြိမ်းခြောက်ခံရကြောင်း မြို့မ ရဲစခန်းကို ဆက်သွယ်တိုင်ကြားသဖြင့် အဆိုပါ နေအိမ်ကို သွားရောက် စစ်ဆေးခဲ့သည်။ ယင်းနောက် ဦးပီရှုန်းနေအိမ်သို့လာပြီး ဇနီးဖြစ်သူအား ထုတ်ပေးရန် သေနတ်ဖြင့်ခြိမ်းခြောက်ခဲ့သည့် လီဖူရှိုး (ခ) စန်းတီ နေထိုင်ရာ ရပ်ကွက် (၇)၊ နယ်မြေ (၆)၊ အေးသာယာလမ်း၊ အိမ်အမှတ်(ဆ/၆/၃၃၂) နေအိမ်သို့ သွားရောက် စစ်ဆေးခဲ့ရာ လီဖူရှိုး (ခ) စန်းတီအား နေအိမ်တွင် မောင်းပြန် ရိုင်ဖယ်သေနတ် (၁) လက် ကိုင်ဆောင်ထားပြီး ငါးလုံးပြူးသေနတ် (၁) လက်ကိုခါးတွင် ချိတ်လျှက်တွေ့ရှိရ ခြင်းဖြစ်ကြောင်း သိရသည်။

လက်နက်ခဲယမ်းများနှင့် ဆက်စပ်သည့်ပစ္စည်းများ၊ စစ်အသုံးအဆောင်ပစ္စည်းများအား တရားဝင်ခွင့်ပြုချက်မရှိဘဲ ကိုင်ဆောင် အသုံးပြု လက်ဝယ်ထားရှိသူ လီဖူရှိုး (ခ) စန်းတီအား ဥပဒေအရ အရေးယူ ဆောင်ရွက်နိုင်ရေး ဆောင်ရွက်နေကြောင်း လားရှိုး မြို့နယ်ရဲတပ်ဖွဲ့က ဇန်နဝါရီလ (၇)ရက်တွင် သတင်းထုတ်ပြန်ထားသည်။ https://burmese.shannews.org/archives/20241

******************

**မှတ်ချက်။ သက်ဆိုင်ရာသတင်းမီဒီယာအသီးသီးမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။**

**** ပြီး ****